**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်**

**အမှတ်စဉ် ( ၁၅ / ၂၀၁၈ )**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၈)အား ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု** အတည်ပြုလုပ်ငန်း (၆)ခုခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုလုပ်ငန်း (၂) ခု၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု၊ တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခုနှင့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခုခွင့်ပြုခဲ့ပြီးဖြစ်ပါသဖြင့် ယခုအစည်းအဝေးကာလ အတွင်း စုစုပေါင်းလုပ်ငန်း (၆)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ (၁၇.၉၂၃) သန်းကိုအတည်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများမှ **ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၂,၈၂၉) ဦး**ကိုဖန်တီးပေးမည်ဖြစ်ပြီး၊ ယခင်ခွင့်ပြုပြီးလုပ်ငန်းများမှ **ပြည်တွင်းလုပ်သားအင်အားတိုးမြှင့်မှုမှာ (၁၂၂) ဦး**ဖြစ်ပါသည်။ အတည်ပြုလုပ်ငန်း(၆)ခုမှာစက်မှုကဏ္ဍမှ (၃)ခု၊ လယ်ယာကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ (၂)ခုဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှအောက်တိုဘာလ၁၂ ရက်နေ့အထိ **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၆)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၇.၉၂၃)သန်းဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၃၁.၈၄၇) သန်းဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၃) ခု၊ အတည်ပြုလုပ်ငန်း (၁၀) ခုနှင့် စုစုပေါင်းလုပ်ငန်း (၁၃) ခုခွင့်ပြုခဲ့ပါသည်။ အဆိုပြုလုပ်ငန်း(၃) ခုမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုခဲ့ပြီး အတည်ပြုလုပ်ငန်း(၁၀) ခုအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ (၁)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၂)ခု၊ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၃)ခု၊ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခု၊ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ(၂)ခုနှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ (၁)ခုရှိပါသဖြင့် ယခုအစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း (၁၃)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁.၂၇၄) သန်းအပါအဝင်ကျပ် (၃၆,၃၄၈.၅၅၄) သန်းခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ **ပြည်တွင်း**

Email: dica@mptmail.net.mm
Website: www.dica.gov.mm

**လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၁၂၇၅) ဦး** ကိုဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြုလုပ်ငန်း(၁၃)ခုမှာ စက်မှုကဏ္ဍ (၅)ခု၊ ဟိုတယ်ကဏ္ဍ (၄)ခုနှင့် အခြားကဏ္ဍ(၄)ခုတို့ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ၁ရက်နေ့မှ အောက်တိုဘာလ၁၂ရက် နေ့အထိ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၃)ခု၊ အမေရိကန်ဒေါ်လာ (၁.၂၇၄) သန်းအပါအဝင်ကျပ် (၃၆,၃၄၈.၅၅၄) သန်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm